# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့

# အစည်းအဝေး

## ပထမနေ့မှတ်တမ်း

## ၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်

## (၂၀၁၆ ခုနှစ်၊ မတ်လ ၁၀ ရက်)

## (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေး ပထမနေ့ကို စတင်ပါတော့မယ်။ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ် တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၇ အရ ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ပထမနေ့မှာ ပြည်သူ့လွှတ်တော် ခေတ္တညွှန်ကြားရေးမှူးချုပ် ကျွန်တော် ဦးတင်ဝင်းအောင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ရဲ့ ဒုတိယသမ္မတရွေးချယ်တင်မြှောက်ပွဲကို နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၇ အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ပထမနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ပထမနေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ၃၂၃ ဦးရှိပြီး အစည်းအဝေးကို ၃၁၆ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ ၉၇.၈၃ ရာခိုင်နှုန်းရှိပြီး ထက်ဝက်ကျော်ဦးရေ တက်ရောက်တဲ့ အတွက် ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ပထမနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးပထမနေ့အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ ရွေးကောက်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။ လွှတ်တော်အခွင့်အရေးကော်မတီက တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၆ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင်ပါဝင်သော ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ပထမနေ့အစီအစဉ်သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ စာရင်းကို ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး အောင်မြေသာစံမဲဆန္ဒနယ်က စုစည်းတင်ပြသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့ တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၃၂၃ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၁၆ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၇ ဦး ရှိပါတယ်။ ၎င်းတို့ကတော့-

(၁) လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်း ခွင့် ၂၂ ရက်၊

(၂) ဇီးကုန်းမဲဆန္ဒနယ်မှ ဦးဉာဏ်ထွန်း ခွင့် ၂၂ ရက်၊

(၃) မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် ခွင့် ၂၂ ရက်၊

(၄) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၁ ရက်၊

(၅) ဆော့လော်မဲဆန္ဒနယ်မှ ဦးလာမာလေး ခွင့် ၂ ရက်၊

(၆) ကုန်းကြမ်းမဲဆန္ဒနယ်မှ ဦးလီကျိန်းဖူ(ခ)ဦးမြင့်ဆွေ ခွင့် ၂ ရက်နှင့်

(၇) မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း ခွင့် ၁ ရက် တို့ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ယနေ့ ခွင့်ပန်ကြားထားသူ ၇ ဦး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ အထက်ပါကိုယ်စားလှယ်များရဲ့ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

**ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်း တင်ခြင်း**

**ဥက္ကဋ္ဌ။** ။ ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၃၂၃ ဦး ယနေ့ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၇ ဦးဖြစ်၍ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ

နည်းဥပဒေ ၄၁ နည်းဥပဒေခွဲ(ဂ)အရ လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို အတည်ပြု မှတ်တမ်း တင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ရွေးကောက်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုရန် မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဒုတိယသမ္မတလောင်းအဆိုပြုခြင်း၊ ထောက်ခံခြင်းနှင့် အဆိုပြုလွှာကိုပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့က နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၄ ပုဒ်မခွဲ(ဂ)အရ ဒုတိယသမ္မတ တစ်ဦးကို လွှတ်တော်ကိုယ်စားလှယ်များထဲကဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ် မဟုတ်သူများထဲက ဖြစ်စေ၊ ရွေးချယ်တင်မြှောက်ရမှာဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက် ခြင်းဆိုင်ရာနည်းဥပဒေ ၉ အရ ဒုတိယသမ္မတတစ်ဦးကို တစ်ဦးချင်းအဆိုပြုလိုတဲ့ လွှတ်တော် ကိုယ်စားလှယ်ကလည်းကောင်း၊ စုပေါင်း၍ အဆိုပြုလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကလည်းကောင်း အဆိုတင်သွင်းပြီး ကျန်လွှတ်တော်ကိုယ်စားလှယ် များအနက်မှ တစ်ဦးက သက်ဆိုင်ရာ အဆိုအသီးသီးကို ထောက်ခံရမှာ ဖြစ်ပါတယ်။ မိမိတို့နေရာမှာပဲ မိုက်ကိုအသုံးပြုပြီးတော့ အဆိုပြုထောက်ခံကြဖို့ဖြစ်ပါတယ်။ ယခု အဆိုတင်သွင်းထောက်ခံမှု ပြုနိုင် ကြပါပြီခင်ဗျား။

**ဒေါ်ခင်စန်းလှိုင်(ပုလဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ ကျွန်မကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင် ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ပြည်သူ့လွှတ်တော်အတွက် ဒုတိယသမ္မတလောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အစုအဖွဲ့အနေနဲ့ ဦးထင်ကျော်အား တင်သွင်းအပ်ပါတယ်ရှင်။

**မူကြမ်း**

**ဥက္ကဋ္ဌ** ။ ။ ထောက်ခံမယ့်သူ မိမိတို့နေရာကနေပြီးတော့။

**ဦးမြင့်ကြည်(ကသာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်က ပုလဲမဲဆနနယ် ဒေါ်ခင်စန်းလှိုင်တင်သွင်းသွားတဲ့ သမ္မတလောင်း အမည်စာရင်း ဦးထင်ကျော်အား ကသာမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးမြင့်ကြည်က လိုက်လှဲစွာ ထောက်ခံပါကြောင်း ထောက်ခံအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဒေါက်တာမောင်သင်း(မိတ္ထီလာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ကိုယ်စား ရှမ်းပြည်နယ်၊ လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်း(ခ)ဦးမောင်ဦး အား ဒုတိယသမ္မတ လောင်းအဖြစ် တင်သွင်းကြောင်း အဆိုပြုအပ်ပါတယ်။ တင်သွင်းတဲ့ကျွန်တော်ကတော့ မိတ္ထီလာ မြို့နယ်၊ မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်းဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဦးလှဋ္ဌေးဝင်း(ဇေယျာသီရိမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ဇေယျာသီရိမဲဆန္ဒနယ်က ဦးလှဋ္ဌေးဝင်း ဖြစ်ပါတယ်။ ဒေါက်တာမောင်သင်း အဆိုပြုတင်သွင်းသွားတဲ့ ဒုတိယသမ္မတတာဝန်ထမ်းဆောင်ခဲ့တဲ့ ဒေါက်တာစိုင်းမောက်ခမ်းကို ကျွန်တော်တို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီရဲ့ ဒုတိယသမ္မတလောင်းအနေနဲ့ အမည်စာရင်း တင်သွင်းခြင်းကို အလေးအနက်ထောက်ခံကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ** ။ ။ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့ လွှတ်တော်ရုံး၊ ခေတ္တညွှန်ကြားရေးမှူးချုပ်က အဆိုပြုလွှာပုံစံ(၁)များကို ကြိုတင်ထုတ်ပေးပြီးဖြစ်ပါ တယ်။ ကြိုတင်ထုတ်ယူထားတဲ့ ဒုတိယသမ္မတလောင်း အဆိုပြုလွှာပုံစံ(၁)ကို အချက်အလက်များ ပြည့်စုံစွာ ဖြည့်သွင်းပြီးပါက အခမ်းအနားမှူးမှတစ်ဆင့် ကျွန်တော့်ထံ တင်ပြဖို့ဖြစ်ပါတယ်။

**အခမ်းအနားမှူး** ။ ။ အဆိုပြုလွှာပုံစံ(၁)ကို လာရောက်ပေးကြဖို့ ဖိတ်ခေါ်ပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပြုလွှာဖြင့် တင်ပြသော ဒုတိယသမ္မတလောင်းများ အမည်စာရင်းကို ကြေညာခြင်း

**ဥက္ကဋ္ဌ** ။ ။ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယသမ္မတလောင်း အဆိုပြုလွှာပုံစံထုတ်ယူတဲ့အရေအတွက်ဟာ နှစ်စောင်ဖြစ်ပြီး ပြန်လည်တင်သွင်းတဲ့ အရေအတွက်ဟာ

နှစ်စောင်ဖြစ်ပါတယ်။ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရွေးကောက်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့က ဒုတိယသမ္မတလောင်းအမည်စာရင်း အဆိုပြုလွှာတင်သွင်းရာမှာ ဦးထင်ကျော်ကို ဒေါ်ခင်စန်းလှိုင်၊ ပုလဲမဲဆန္ဒနယ်က အဆိုတင်သွင်းပြီး ဦးမြင့်ကြည်၊ ကသာမဲဆန္ဒနယ်က ထောက်ခံတင်ပြထားပါတယ်။ ဒါ့အပြင် ဒေါက်တာစိုင်းမောက်ခမ်း လားရှိုးမဲဆန္ဒနယ်ကို ဒေါက်တာမောင်သင်း၊ မိတ္ထီလာမဲဆန္ဒနယ်က အဆိုတင်သွင်းပြီး ဦးလှဌေးဝင်း၊ ဇေယျာသိရိမဲဆန္ဒနယ်က ထောက်ခံတင်ပြထားပါတယ်။ ဒါကြောင့် အဆိုပြုလွှာပုံစံသစ်များနဲ့ တင်ပြလာတဲ့ ဒုတိယသမ္မတလောင်းအမည်စာရင်းကို အက္ခရာစဉ်အလိုက် ကြေညာပါ့မယ်။

(၁) ဒေါက်တာစိုင်းမောက်ခမ်း လားရှိုးမဲဆန္ဒနယ်

(၂) ဦးထင်ကျော် အလုပ်အမှုဆောင်အဖွဲ့ဝင်၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း တို့ဖြစ်ကြပါတယ်။

**နိုင်ငံတော်သမ္မတအတွက် သတ်မှတ်ထားသော အရည်အချင်းများနှင့် ပြည့်စုံခြင်းရှိ/မရှိ စိစစ်နိုင်ရန် စိစစ်ရေးအဖွဲ့တွင် ပါဝင်မည့် ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ရွေးချယ်ခြင်း**

ဥက္ကဋ္ဌ။ ။ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့က ဒုတိယသမ္မတတစ်ဦး ရွေးချယ်တင်မြှောက်ပြီးတဲ့အခါ ရွေးချယ်တင်မြှောက်လိုက်တဲ့ ဒုတိယသမ္မတအား နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၃ ပါ အရည်အချင်းများနဲ့ ပြည့်စုံမှု ရှိ/မရှိ စိစစ်နိုင်ဖို့ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၂၆ အရ စိစစ်ရေးအဖွဲ့ ဖွဲ့စည်းပြီး နည်းဥပဒေ ၂၇ အရ စိစစ်မှာဖြစ်ပါတယ်။ နည်းဥပဒေ ၂၆ အရ စိစစ်ရေးအဖွဲ့ဖွဲ့စည်းရာမှာ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့က ရွေးချယ်ပေးတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ပါဝင်ရမှာဖြစ်ပါတယ်။ ဒါ့ကြောင့် ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က မိမိတို့အထဲမှ ကိုယ်စားလှယ်တစ်ဦးကို ရွေးချယ်ပေးရမှာဖြစ်ပါတယ်။ ဒီလိုရွေးချယ်ဖို့အတွက် ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို အခြားကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းပြီး ကျန်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံဖို့ဖြစ်

ပါတယ်။ ကိုယ်စားလှယ်များအနေနဲ့ မိမိတို့ရဲ့ လက်ရှိနေရာမှာပဲ မိုက်ကိုအသုံးပြုပြီးတော့ အဆိုပြုခြင်း၊ ထောက်ခံခြင်းတို့ ပြုလုပ်ဖို့ဖြစ်ပါတယ်။ အဆိုတင်သွင်းဖို့နဲ့ ထောက်ခံဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးမောင်မောင်ဦး(အင်းစိန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ အင်းစိန်မဲဆန္ဒနယ်မြေမှ ရွေးကောက်ခံကိုယ်စားလှယ် ဦးမောင်မောင်ဦးဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတအတွက် သတ်မှတ်ထားသောအရည်အချင်းများနှင့် ပြည့်စုံခြင်းရှိ/မရှိစိစစ်နိုင်ရန်အတွက် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မဲဆန္ဒနယ်မှ ရွေးကောက်ခံကိုယ်စားလှယ် ဒေါက်တာမျိုးအောင်အား ပြည်သူ့လွှတ်တော်သို့ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ လေးစားပါတယ်။

**ဦးမျိုးနိုင်(ချမ်းအေးသာစံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်က ချမ်းအေးသာစံမဲဆန္ဒနယ်မှ ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမျိုးနိုင်ဖြစ်ပါတယ်ခင်ဗျား။ အင်းစိန်မဲဆန္ဒနယ် ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမောင်မောင်ဦး အဆိုပြုတင်သွင်းသော ဒဂုံမြို့သစ်(အရှေ့ပိုင်း)မဲဆန္ဒနယ်မှ ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဦးမျိုးအောင်အား ထောက်ခံပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဦးဌေးလွင်(နမ့်စန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ နမ့်စန်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးလွင်ဖြစ်ပါ တယ်။ နိုင်ငံတော်သမ္မတအတွက် သတ်မှတ်ထားတဲ့အရည်အချင်းများနဲ့ ပြည့်စုံခြင်းရှိ/မရှိ စိစစ်နိုင် ရေး စိစစ်ရေးအဖွဲ့အတွက် ပျော်ဘွယ်မဲဆန္ဒနယ်မှ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းအေးအား အဆိုတင်သွင်းအပ်ပါတယ်။

**ဦးစောထွန်းမြအောင်(ဖာပွန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေးအား ကျွန်တော်တို့အစုအဖွဲ့ရဲ့ ကိုယ်စားလှယ်အနေနဲ့ အဆိုတင်သွင်းတာကို ကျွန်တော် ကရင်ပြည်နယ်၊ ဖာပွန်မဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်မှ ထောက်ခံပါတယ်။

**ဥက္ကဋ္ဌ**။ ။ တစ်ခုလေးပဲရှင်းအောင်ပြောပေးပါ။ ကျွန်တော်တို့ ဒီမှာ အစုအဖွဲ့ ကိုယ်စားလှယ် မဟုတ်ပါဘူး။ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ကနေပြီး

တော့ နိုင်ငံတော်သမ္မတအရည်အချင်းနဲ့ ပြည့်စုံမှုရှိ/မရှိ စိစစ်ရေးအဖွဲ့ဝင်အတွက် ဖြစ်ပါတယ်။ အဲဒါလေးကိုတော့ ရှင်းအောင်ပြောပေးပါ။

**ဦးစောထွန်းမြအောင်(ဖာပွန်မဲဆန္ဒနယ်)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်သူ့လွှတ်တော် စိစစ်ရွေးချယ်ရေးအဖွဲ့ဝင် ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော် ပြင်ဆင်ပြီးတော့ တင်ပြလိုပါ တယ်။

**ဥက္ကဋ္ဌ။** ။ ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်သမ္မတအရည်အချင်းနဲ့ပြည့်စုံမှုရှိ/မရှိ စိစစ်ရေးအဖွဲ့ဝင်အဖြစ် ရွေးချယ်ရန် အဆိုပြုတင်သွင်းရာမှာ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမျိုးအောင်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မဲဆန္ဒနယ်ကို ဦးမောင်မောင်ဦး၊ အင်းစိန်မဲဆန္ဒနယ်က အဆိုတင်သွင်းပြီး ဦးမျိုးနိုင်၊ ချမ်းအေးသာစံမဲဆန္ဒနယ်က ထောက်ခံထားပါတယ်။ ဒါ့အပြင် ဦးသောင်းအေး၊ ပျော်ဘွယ်မဲဆန္ဒနယ်ကို ဦးဌေးလွင်၊ နမ့်စန်မဲဆန္ဒနယ်က အဆိုတင်သွင်းပြီး ဦးစောထွန်းမြအောင်၊ ဖာပွန်မဲဆန္ဒနယ်က ထောက်ခံထားပါတယ်။

**ဥက္ကဋ္ဌ။** ။ ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်သမ္မတအရည်အချင်းနဲ့ပြည့်စုံမှုရှိ/မရှိ စိစစ်ရေးအဖွဲ့ဝင်အဖြစ် အမည်စာရင်းတင်သွင်းခံရသူများကို အက္ခရာစဉ်အလိုက် ကြေညာပါမယ်။

(၁) ဒေါက်တာမျိုးအောင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မဲဆန္ဒနယ်

(၂) ဦးသောင်းအေး ပျော်ဘွယ်မဲဆန္ဒနယ်

တို့ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမည်စာရင်းတင်သွင်းခံရသူ တစ်ဦးထက်ပိုတဲ့အတွက် နိုင်ငံတော်သမ္မတအရည်အချင်းနဲ့ ပြည့်စုံမှုရှိ/မရှိ စိစစ်ရေးအဖွဲ့ဝင်အဖြစ် တင်မြှောက်နိုင်ရန် စက်ခလုတ်အသုံးပြု၍ ဆန္ဒပြုသည့်နည်းလမ်းနှင့်အညီ ဆောင်ရွက်မှာဖြစ်ပါတယ်။ စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးရာမှာ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခဲ့စဉ်က ဆောင်ရွက်ခဲ့တဲ့နည်းလမ်းအတိုင်း ဆောင်ရွက်မှာဖြစ်ပါတယ်။ ဆန္ဒမဲပေးတဲ့အခါမှာ အစိမ်းရောင်အချက်ပြမီးတန်း မှိတ်တုတ်မှိတ်တုတ်ပေါ်လာမှသာ ခလုတ်နှိပ်ကြရန်ဖြစ်ကြောင်း

အသိပေးအပ်ပါတယ်။ ယခု ဒေါက်တာမျိုးအောင်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မဲဆန္ဒနယ်ကို စိစစ်ရေး အဖွဲ့ဝင်အဖြစ် တင်မြှောက်ဖို့အတွက် လွှတ်တော်ရဲ့ဆန္ဒ ရယူပါမယ်။ ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါ တယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ။** ။ ဒေါက်တာမျိုးအောင်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မဲဆန္ဒနယ်အတွက် ထောက်ခံ ဆန္ဒမဲ ၂၈၅ မဲ၊ ကန့်ကွက်ဆန္ဒမဲ ၂၃ မဲ၊ ကြားနေဆန္ဒမဲ ၂ မဲဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ယခု ဦးသောင်းအေး၊ ပျော်ဘွယ်မဲဆန္ဒနယ်ကို စိစစ်ရေးအဖွဲ့ဝင်အဖြစ် တင်မြှောက်ဖို့အတွက် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲ ပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ။** ။ ဦးသောင်းအေး၊ ပျော်ဘွယ်မဲဆန္ဒနယ်အတွက် ထောက်ခံဆန္ဒမဲ ၃၁ မဲ၊ ကန့်ကွက်ဆန္ဒမဲ ၂၇၇ မဲ၊ ကြားနေဆန္ဒမဲ ၅ မဲဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ စိစစ်ရေး အဖွဲ့ဝင်များ ဆန္ဒမဲပေးလို့ပြီးပါပြီ။ တစ်ဦးချင်းရရှိတဲ့ ထောက်ခံဆန္ဒမဲ အများအနည်းအလိုက် အမည် စာရင်းကိုကြေညာပါမယ်။ ဒေါက်တာမျိုးအောင်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မဲဆန္ဒနယ်ရရှိတဲ့ ထောက်ခံ ဆန္ဒမဲ ၂၈၅ မဲ၊ ဦးသောင်းအေး၊ ပျော်ဘွယ်မဲဆန္ဒနယ်ရရှိတဲ့ ထောက်ခံဆန္ဒမဲ ၃၁ မဲ။ ဒါ့ကြောင့် ထောက်ခံဆန္ဒမဲ အများဆုံးရရှိတဲ့ ဒေါက်တာမျိုးအောင်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မဲဆန္ဒနယ်အား နိုင်ငံတော်သမ္မတအရည်အချင်းနဲ့ ပြည့်စုံမှုရှိ/မရှိ စိစစ်ရေးအဖွဲ့ဝင်အဖြစ် ရွေးချယ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေး ပထမနေ့ ရပ်နားကြောင်းနှင့် အစုအဖွဲ့အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ ။** ။ ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော် သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာနည်းဥပဒေ ၉ အရ ကျွန်တော်နှင့် ဒုတိယဥက္ကဋ္ဌတို့က ယခုတင်ပြထားတဲ့ ဒုတိယသမ္မတလောင်းအဆိုပြုလွှာကို စိစစ်နိုင်ဖို့နဲ့ ဒုတိယ သမ္မတလောင်းများ အမည်စာရင်းပြုစုနိုင်ဖို့ အစည်းအဝေးကို ရပ်နားမှာဖြစ်ပါတယ်။ ရွေးကောက်ခံ

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ဒုတိယနေ့ကို ၂၀၁၆ ခုနှစ်၊ မတ်လ ၁၁ ရက် (သောကြာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ကျင်းပမှာဖြစ်ပါတယ်။ ဒီကနေ့ ကျင်းပတဲ့ ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ပထမနေ့ ရပ်နားကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၄၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယ သမ္မတလောင်းများ အရည်အချင်းစိစစ်ရေးကို ဆက်လက်ဆောင်ရွက်မှာ ဖြစ်တဲ့အတွက် ယနေ့ အဆိုပြုတင်ပြသူနဲ့ထောက်ခံသူများကို ဥက္ကဋ္ဌရဲ့နားနေခန်းမှာ လာရောက်တွေ့ဆုံဖို့ ဥက္ကဋ္ဌက ဖိတ်ကြားကြောင်း တင်ပြအပ်ပါတယ်။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ပထမနေ့ကို ၁၀း၄၀ နာရီအချိန်တွင် ရပ်နားပါသည်။]